မြန်မာခရစ်ယာန်မိသဟာယအသင်းတော်

*Burmese Christian Fellowship*

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. __ Volume 18 / Issue 8 / October 2025*

## Christian Home and Family
## ခရစ်ယာန်အိမ်ထောင်မိသားစု



### မိသားစုအတွက် ဆုတောင်းချက်

အိုအဖဘုရားသခင်၊

ကျွန်ုပ်၏မိသားစုနှင့် သားသမီးများကို ကောင်းချီးပေးတော်မူပါ။ ကိုယ်တော်၏အလိုသို့လိုက်သော စိတ်နလုံးကို ပေးသနားတော်မူပါ။ ကြောက်ရွံ့စိုးရိမ်မှုမရှိရန် ကျွန်ုပ်၏မိသားစုအား ခွန်အားပေးပါ။ မှန်ကန်သောအရာအတွက် ရပ်တည်နိုင်ရန် ရဲစွမ်းသတ္တိကို ပေးသနားတော်မူပါ။ ကျွန်ုပ်တို့၏စိတ်အတွင်း၌ သစ္စာရှိသော သဘောထားကို ရှိစေမူပါ။ ကျွန်ုပ်တို့၏အသက်တာတွင် ကိုယ်တော်၏ဘုန်းတော်ထင်ရှားစေမူပါ။ မိသားစုဝင်တစ်ဦးစီကို ကိုယ်တော်၏အတောင်တော်အရိပ်အောက်မှာ ကာကွယ်တော်မူပါ။ အိုဘုရားသခင်၊ ကိုယ်တော်သာလျှင် အကျွန်ုပ်တို့မိသားစု၏ ခိုလှုံရာရဲတိုက်၊ ကိုးစားသောဘုရား သခင် ဖြစ်တော်မူပါ၏။ ကျွန်ုပ်တို့၏ခွန်အားဗလလည်း ဖြစ်တော်မူပါ၏။ ကိုယ်တော်ရှင်ထံမှလာသောကောင်းကြီးမင်္ဂလာအဖြာဖြာသည် သားသမီးတို့မိသားစုအိမ်ထောင်အပေါ်သို့ ကာလအစဉ် သက်ရောက်တော်မူပါစေသော။ အာမင်။

## *2025 October, Sunday Worship Programs:*

| 2025 OCTOBER | | | | | | |
|---|---|---|---|---|---|---|
| SUNDAY | MONDAY | TUESDAY | WEDNESDAY | THURSDAY | FRIDAY | SATURDAY |
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | 31 | |

*October 5, 2025 … Holy Communion Sunday*

*October 12, 2025 … Regular Sunday Worship Service*

*October 19, 2025 … Christian Home and Family Service*
*Guest Speaker: Sayama Khin Thida*

*October 26, 2025 … Regular Sunday Worship Service*

---

*Worship Place*

*Burmese Christian Fellowship*
*1337 Farmstead Ave.*
*La Puente, CA 91745*

*Worship Service*

*Sunday Worship (Sunday) 2:00 PM*
*Sunday school (Sunday) 2:15 PM*

*Bible Study …. Sunday 1:00-2:00 PM*
*Prayer Meeting …. Every Saturday, 2:00 PM*

# သူတပါးကိုမစီရင်နှင့်



♦ ညီအစ်ကိုတို့
မကောင်းသူနှင့် ပေါင်းဘော်ခြင်းဖြင့်
ကောင်းသောအကျင့် ယိုယွင်းတတ်၏ ။

♦ အလွဲမယူနှင့်။
သင်တို့ထဲမှာ တစုံတယောက်
သမ္မာတရားမှ လွဲမှားကာသွား
တရားသဖြင့် နိုးကြားကြလော့ ၊

♦ သူတပါးသည်
ဤသူတဦး ပြန်စေမူကား
အပြစ်ရှိသူ မှားယွင်းလူကို
ဝိညာဉ်သေခြင်း ကယ်တင်မှုမှာ
များစွာအပြစ် ဖုံးလွှမ်းတတ်ပြီ သူသိမှတ်စေ ၊

♦ သင်တို့သည်လည်း
စိတ်ရှည်သည်းခံ စောင့်လျက်နေလော့
နှလုံးအိမ်ထဲ မြဲစွဲစေပါ
ယေရှုရှင်သည် ကြွလာကာလ ရောက်ခါနီးပြီ ၊

♦ ညီအစ်ကိုတို့
'စစ်ကြောစီရင်' ကင်းလွတ်စေကြောင်း
အချင်းချင်းငြင်း ပြစ်တင်ခြင်းကို မလုပ်ဆောင်နှင့်
တံခါးနားတွင် စီရင်ပိုင်သူ ရှိတော်မူပြီ။ – ။

# ခရစ်ယာန်အိမ်ထောင်၏ရည်မှန်းချက်

ခရစ်ယာန်အိမ်ထောင် မိသားစုတစ်ခုသည် အမှန်ပင် အထူးအရေးကြီးသော အစုအဝေး သို့မဟုတ် အဖွဲ့အစည်းငယ်လေးတစ်ခုဖြစ်သည်ဟု ပြောဆိုပါက ငြင်းဆိုဖွယ်ရာအလျှင်းမရှိနိုင်ပေ။ တနည်းအားဖြင့် ခရစ်ယာန်အိမ်ထောင်တစ်ခုသည် အသင်းတော်ငယ်တစ်ခု သို့မဟုတ် အသင်းတော်တစ်ခု၏ ရုပ်လုံးဖေါ်ထားသော 'ပုံစံငယ်'တစ်ခု ဖြစ်သည်။ ခရစ်ယာန်အိမ်ထောင် မိသားစုတစ်ခု၏ ယုံကြည်ချက်နှင့် တည်တန့်ခိုင်မြဲခြင်း အတွက် ထားရှိသော ရည်ရွယ်ချက်သည် အသင်းတော်တစ်ခု၏ရည်မှန်းချက်ပန်းတိုင်နှင့် ထပ်တူထပ်မျှ အလားတူ /သဏ္ဍာန်တူ ဖြစ်စေရမည်။

မိသားစုတစ်ခုမှ အဆက်မပြတ်ထွက်ပေါ်လာနိုင်သော လှုပ်ရှားမှုများသည် စွမ်းအားရှိ၍ ဆောက်တည်နိုင်သည့်နည်းတူ ဖျက်ဆီးနိုင်သောခွန်အားများနှင့်လည်း ပြည့်ဝလျက်ရှိနေတတ်၏။ သာမန်အိမ်ထောင်တစ်ခုတွင်၊ မိဘများသည် သားသမီးတို့အား ဂရုစိုက်သွန်သင်သဖြင့် ထိုသားသမီးများသည် အသက်တာခရီးကို ကောင်းမွန်မှန်ကန်စွာ အစပြု၍ လျှောက်လှမ်းသောအခါ၊ မိမိတို့သာ အကျိုးကျေးဇူးကို ခံစားရရှိသည်မဟုတ်၊ မိမိတို့၏ပုံသက်သေကောင်းနှင့် မိမိအိမ်ထောင်၏လှုပ်ရှားမှုတစ်စိတ်တစ်ဒေသအားဖြင့် မိမိတို့နှင့်သက်ဆိုင်လျက်ရှိသူ၊ ပေါင်းသင်းဆက်နွယ်လျက်ရှိကြသောဆွေမျိုးများ၊ သူငယ်ချင်းမှအစ အပေါင်းအသင်းမိတ်ဆွေများနှင့်တကွ တပါးသူတို့လည်း ကျေးဇူးခံစားရရှိကြပါသည်။

ထို့ကြောင့်၊ ခရစ်ယာန်အိမ်ထောင်မိသားစုသည် အသက်ရှင်ခြင်းနှင့် သက်ဆိုင်သော ပုံသက်သေလက္ခဏာများ ပေါ်လွင်ထင်ရှား ပြည့်ဝနေစေဖို့ရန်၊ မှန်ကန်သောရည်မှန်းချက် (သို့) ရည်ရွယ်ချက်၌ အခြေပြုကြရပါလိမ့်မည်။

အသင်းတော်သည် သန့်ရှင်းသောဝိညာဉ်တော်ကျိန်းဝပ်ရာ ခန္ဓာကိုယ်အများ စုဝေးရာ နေရာဖြစ်၍၊ အသင်းတော်သည်လည်း အဆောက်အဦး သက်သက်သာ မဟုတ်၊ သန့်ရှင်းသော ဝိညာဉ်တော်ကျိန်းဝပ်ရာ ဗိမာန်တော် ဖြစ်သည်။ အသင်းတော်တစ်ခုနှင့်တူသော ခရစ်ယာန်အိမ်ထောင်သည် အထက်ဖေါ်ပြသည့်အတိုင်း ရည်မှန်းချက်ကိုရွေးချယ်ရာ၌ အသင်းတော်နှင့်သဏ္ဍာန်တူရန် အထူးသတိပြုရမည်။

ဓမ္မသစ်ကျမ်းတွင်ပါသည့် ပထမရာစုနှစ်၌ တည်ရှိခဲ့သော အသင်းတော်အများ တို့သည် ယုံကြည်ခြင်း၌သက်ဝင်လှုပ်ရှားကာ အသက်ရှင်သောအသင်းတော်များအဖြစ်ရပ်တည်ခဲ့ကြသည်။ ထိုအသင်းတော်များမှ ဝိညာဉ်ခွန်အားဆောက်တည်ခြင်းကို ဖြစ်စေသော၊ စံထား၍အတုယူထိုက်သောအချက်များစွာရှိသည်။ ၎င်းတို့အထဲမှ အချို့ကိုလေ့လာကြည့်လျှင်၊–

(၁) ထိုအသင်းတော်များ၌ တစုတဝေးတည်းနေလိုသောစိတ်သဘောကို ထင်ရှားစွာတွေ့ရသည်။ ယေရှုခရစ်တော်၌တည်၍ တလုံးတဝတည်း၊ တစိတ်တသဘောတည်း၊ စည်းလုံးညီညွတ်ကြသည်မှာ မှတ်သားအတုယူဘွယ်ရာ စံထားထိုက်ပေ၏။

(၂) ထိုအသင်းတော်များသည် စိတ်အလိုရှိသည်အတိုင်း ဝေငှပေးကမ်းခြင်း၊ ကျေးဇူးပြုခြင်း၊ တို့အားဖြင့် ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်ကြောင်းကို လက်တွေ့ပြကာ သခင်ဘုရား၏ပညတ်တော်ကို စောင့်ရှောက်ကြ၏။

(၁) ထိုအသင်းတော်များသည် ကြည်ဖြူရွှင်လန်းသောစိတ်ဖြင့် အတူတကွ ဂုဏ်တော်ချီးမွမ်းခြင်း၊ တရားဒေသနာကိုယုံကြည်သောစိတ်ဖြင့်ခံယူခြင်း၊ သမ္မာတရားတော်နှင့်အညီကျင့်ဆောင်ခြင်း၊ စသည်တို့ ရှိကြသည်။

(၂) ထိုအသင်းတော်များသည် အဖဘုရားသခင်ကို အရာခပ်သိမ်းတို့၏အထက် အထွဋ်အမြတ်ထားကာ ဆုတောင်းပဌနာပြုခြင်းကို မခြားမလတ်ပြုခြင်းဖြင့် သူတို့၏စိတ်အလိုပြည့်စုံကြ၏။

ခရစ်ယာန်အိမ်ထောင်ဟူ၍ ရည်မှန်းချက်ပြုရာတွင်၊ အထက်ဖော်ပြပါ အသင်းတော်များ၏ ထူးခြားသည့်အချက်များရှိရန်လိုအပ်ပေသည်။ မိသားစုအချင်းချင်းတလုံးတဝနှင့် တစ်စိတ်တစ်သဘောတည်း စည်းလုံးညီညွတ်ခြင်းသည် အိမ်ထောင်၌ထင်ရှားသောလက္ခဏာ ဖြစ်ရမည်။

ထို့အတူ၊ အိမ်ထောင်မိသားစုဝင်များအချင်းချင်း၌ မှန်ကန်တည်တံ့သော ချစ်ချင်းမေတ္တာရှိရန်အထူးအရေးကြီးပါသည်။

မိသားစုအတွင်းမှာ စိတ်၏ပျော်ရွှင်ခြင်းနှင့် ငြိမ်သက်ခြင်း ရှိခဲ့လျှင်၊ စိတ်ဝိညာဉ်မှာလည်း ရွှင်လန်းဝမ်းမြောက်၍၊ အိမ်ထောင်၏စိတ်ကြည်နူးချမ်းသာမှုကို တွေ့မြင်သူတိုင်း သတိပြုမိကြလိမ့်မည်။ ဆုတောင်းပဌနာပြုခြင်းနှင့် ဂုဏ်တော်ချီးမွမ်းခြင်းတို့ အားဖြင့် အသက်ရှင်သောခရစ်ယာန်အိမ်ထောင်ဖြစ်ကြောင်း သက်သေခံထင်ရှားနေပါမည်။

## ခရစ်ယာန်အိမ်ထောင်တွင်လိုက်နာဆောင်ရွက်ရန်၊—

### ဆောင်ပုဒ်၊—

ယောရှုမှတ်စာ၊၂၄ တွင်၊ "ငါနှင့်ငါ့အိမ်သားဖြစ်လျှင် ထာဝရဘုရားကိုသာဝတ်ပြုမည်။" ဆိုသော ပဋိညာဉ်သက်သေဖြစ်သည့် ဂတိသစ္စာကျမ်းစကားသည် ခရစ်ယာန်အိမ်ထောင်တိုင်း၏ ဆောင်ပုဒ်ဖြစ်စေရမည်။

### အခြေခံအုတ်မြစ်၊—

ခရစ်ယာန်အိမ်ထောင်၏အခြေခံအုတ်မြစ်သည် "ယုံကြည်ခြင်း" ဖြစ်ရမည်။

ဟေဗြဲသြဝါဒစာ၊၁၁း၆။"ယုံကြည်ခြင်းမရှိလျှင်၊ ဘုရားသခင်၏စိတ်တော်နှင့်မတွေ့နိုင်။"

ယုံကြည်ခြင်းသည် အောင်မြင်ခြင်းဖြစ်၍၊ မိသားစုအချင်းချင်း တစ်ဦးပေါ်တစ်ဦး ယုံကြည်သောစိတ်ထားလျှင် ဝမ်းမြောက်ခြင်း၊ သက်သာခြင်းအမျိုးမျိုးတို့နှင့် ပြည့်စုံမည်အကြောင်းသိမှတ်စွဲလန်းရမည်။

ဘုရားသခင်ထံ ယုံကြည်ကိုးစားဖြင့်ခြင်း အပ်နှံထားသောမိသားစုများမှာ ခရစ်တော်ကို ဗဟိုပြုထားသည့်အတွက် ခိုင်မြဲသောအုတ်မြစ်ရှိနေသောကြောင့် ဘယ်သောခါမျှ မပြိုမလဲနိုင်ပေ။

ရှင်မဿဲ၊၇း၂၄–၂၅။ –

ယေရှုခရစ်တော်ဟောကြားခဲ့သည်မှာ၊"အကြင်သူသည် ငါဟောပြောသောဤစကားကို ကြား၍နားထောင်၏။ ထိုသူသည် ကျောက်ပေါ်မှာ အိမ်ကိုဆောက်သော ပညာရှိနှင့် တူကြောင်းကိုငါပုံပြမည်။ မိုးသည်းရွာ၍ရေစီးသည်နှင့် လေလာ၍ ထိုအိမ်ကိုတိုက်သည်ရှိသော်၊ ကျောက်ပေါ်မှာတည်သောကြောင့် မပြိုမလဲဘဲနေ၏။"

### မိတ်သဟာယ၊—

အိမ်ထောင်တွင်၊ ချစ်ခြင်းမေတ္တာမရှိလျှင်၊ မိတ်သဟာယဖွဲ့ခြင်းမရှိနိုင်ပေ။

မိသားစုဝင်သူတိုင်း၏နှလုံးသားထဲမှာ ချစ်ခြင်းမေတ္တာရှိဖို့ရန် အထူးလိုအပ်သည်။ ချစ်ခြင်းမေတ္တာကို တာဝန်တစ်ခုအဖြစ် မမှတ်ယူကြပါနှင့်။ အချို့သောသူများက ချစ်ခြင်းမေတ္တာကို စိတ်၏ဆန္ဒဟူ၍ လွဲမှားစွာခံယူထားကြ၏။ အိမ်ထောင်မှာ ဖြူစင်ရိုးသားပြီး ကိုယ်ကျိုးမဖက်သော၊ အနစ်နာခံသောမေတ္တာရှိရန် အရေးကြီးသည်။ သို့မှသာ၊ မိဘနှင့်သားသမီးများ အပေးအယူမျှတသည်သာမက မိတ်သဟာယဖြစ်သော၊ စည်းလုံးညီညာသော၊ ပျော်ရွှင်ချမ်းမြေ့သော၊ အိမ်ထောင်မိသားစု ဖြစ်မည်။ မတရားသောအမှုများနှင့်လည်း ကင်းလွတ်မည်။ မိမိပတ်ဝန်းကျင်မှာသော်၎င်း၊ အသင်းတော်၌သော်၎င်း၊ စာသင်ကျောင်းတွင်သော်၎င်း၊ ရှိသည့်နေရာတိုင်းမှာ ဘုရားဘုန်းတော်ကိုထင်ရှားစေသော မိသားစုဖြစ်လာမည်။

### လုံခြုံစိတ်ချမှု၊—

ဆုတောင်းခြင်းနှင့် နှုတ်ကပါတ်တော်သိက္ခမ်းခြင်းက အိမ်ထောင်ကိုလုံခြုံစေ၏။

ဆုတောင်းခြင်းသည် ခရစ်ယာန်မိသားစုဘဝတွင် ပုံမှန်နှင့် မရှိမဖြစ် အထူးလိုအပ်သော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ကျမ်းချက်ဖတ်ခြင်းနှင့် ဆွေးနွေးခြင်း အပါအဝင် နေ့စဉ်ဝတ်ပြုကိုးကွယ်ခြင်းသည် ဘုရားသခင်နှင့်ပို၍ နီးကပ်စေ၏။

အဖဘုရားသခင်ဦးဆောင်၍၊ ယေရှုခရစ်တော်ကို ဗဟိုပြုသောအိမ်ထောင်သည် မိမိလုပ်ကိုင်နိုင်စွမ်းထက် ဘုရားသခင်ကို အားကိုးခိုလှုံသည်။ ဘုရားသခင်ထံတော်မှ ခွန်အားနှင့်လမ်းပြမှုကိုတောင်းခံ၍ နာခံလိုက်ရှောက်သည်။ အိမ်ထောင်တွင်လည်း အိမ်ထောင်ဝတ်ပြု ကိုးကွယ်ရာမှ ဘုရားဂုဏ်တော်ချီးမွမ်းခြင်း၊ နှုတ်ကပါတ်တော်ဖတ်ရွတ်ခြင်း၊ သက်သေခံခြင်း နှင့် ဝိညာဉ်ခွန်အားစာစောင်ဖတ်ခြင်းစသည်တို့ကြောင့် အိမ်ထောင်မိသားစု၏ဝိညာဉ်ရေးရာကို ရင့်ကျက်စေပါသည်။ မာန်နတ်၏သွေးဆောင်မှု (သို့) တိုက်ခိုက်မှုမှ လုံခြုံစိတ်ချစေပါ၏။

### အိမ်ထောင်၏ပုံရိပ်၊—

အိမ်ထောင်တွင်
ချစ်ခြင်းမေတ္တာရှိခဲ့လျှင် ..
ဘယ်မျှပျော်ရွှင်မည်နည်း။

အိမ်ထောင်တွင်
မိတ်သဟာယရှိခဲ့လျှင် ..
အသင်းတော်ပုံရိပ်ကဲ့သို့တည်း။

အိမ်ထောင်တွင်
နားလည်မှုရှိခဲ့လျှင် ..
စိတ်ချမ်းမြေ့သာယာမှုရှိမည်။

အိမ်ထောင်တွင်
ဘုရားသခင်အုပ်စိုးလျှင် ..
ငြိမ်သက်အေးချမ်းပြည့်စုံမည်။ ။

